
သိန်းမင်းစာပေ
ဧမက်သျှင်
မာယာကျွန်း

# Final

# မာယာကျွန်း

# စွဲမက်သျှင်

## အခန်း (၁)

ရန်ကုန်မြစ်ဝကို ဖြတ်သန်းပြီး ပင်လယ်ပြင်ဆီ ဦးတည်နေသည့် အချိန်တွင် သူတို့သင်္ဘောနောက်မှ စင်ရော်ငှက်ကလေးများ အုပ်စုဖွဲ့၍ လိုက်လာကြသည်။

မင်းသိဒ္ဓိက သူဝယ်လာသည့် ဂွတ်မောနင်းပေါင်မုန့် တစ်ထုပ်ကို ဖွဲ့ရွဲ့ပြီး စင်ရော်လေးများကို ကျွေးလာခဲ့သည်။ သူ၏ ကျွေးလိုက်သည့် ပေါင်မုန့်အပိုင်းအစကလေးများကို ရေပေါ် မကျခင်မှာပင် စင်ရော်ကလေးများက အလုအယက် စားကြသည်။

ပျံသန်းရင်း အတောင်ပံ ညောင်းလာလျှင် သင်္ဘောခုတ်မောင်းသည့် အရှိန်ကြောင့် ဖြစ်လာသည့် လှိုင်းကလေးများပေါ်တွင် နားနေကြသည်။

ထိုမြင်ကွင်းသည် မင်းသိဒ္ဓိအတွက် ပျော်စရာဖြစ်နေသည်။

ဆန်းကြယ်နေသည်။

မင်းသိဒ္ဓိသည် မြန်မာနိုင်ငံ မြောက်ဘက်အစွန်ပိုင်းတွင် မွေးဖွားကြီးပြင်းလာသူ ဖြစ်သည်။

ထို့ကြောင့် ပင်လယ်သည် သူနှင့် အစိမ်းသက်သက် ဖြစ်သည်။

"ဟေ့ကောင်လေး... မင်းရည်းစားကို လွမ်းနေပြီလား"

ထမင်းချက် ဦးလေးမောင်က ကွမ်းအစ်ကြီးကို ပိုက်ပြီး သူ့အနားသို့ ရောက်လာသည်။ ဒီသင်္ဘောပေါ်တွင် သူ့ကို လိုလိုလားလား ဆက်ဆံသူဆိုလို့ ဒီလူကြီးပဲ ရှိသည်။

"မလွမ်းပါဘူးဗျာ၊ လွမ်းစရာလဲမရှိပါဘူး၊ စင်ရော်တွေကို သဘောကျလို့ ကြည့်နေတာပါ"

"ငါ့အတွက်တော့ စင်ရော်ဆိုတာ မဆန်းတော့ဘူး ကောင်လေးရေ၊ ဒီထက်ဆန်းတာတွေနဲ့ ကြုံခဲ့ရတာ နည်းသလားကွာ၊ ငါဆို လှေစီးလာတာ နှစ်ပေါင်း သုံးဆယ်ကျော်နေပြီ"

"ဟုတ်လား ဦးလေး၊ ကျွန်တော့်ကို ပြောပြပါလား၊ ကျွန်တော်က ပင်လယ်နဲ့ဝေးတဲ့ အရပ်မှာ လူဖြစ်လာရတာ မို့လို့လား မသိဘူး ပင်လယ်ကို သိပ်စိတ်ဝင်စားတာပဲ"

"ဟား ... ဟား ... ဟား ... မင်းက ပင်လယ်ကို စိတ်ဝင်စားတယ်နော်၊ ငါကတော့ ရုပ်ကလေးက သနားကမား ပညာလဲတတ် မိဘက ချမ်းသာပုံလဲရပြီး ဒီအလုပ်ကို လာလုပ်နေတဲ့ မင်းကိုပဲ စိတ်ဝင်စားနေတာ ကောင်လေးရ"

"ကျွန်တော့်အကြောင်းက စိတ်ဝင်စားစရာ မရှိပါဘူးဗျာ၊ ဘွဲ့ရပြီးတာနဲ့ ကျွန်တော့်မိဘတွေက မိဘလက်ငုတ်လက်ရင်း ကချင်လုံချည်တို့၊ ကချင်လွယ်အိတ်တို့ ရက်တဲ့ လုပ်ငန်းကို ဦးစီးပြီး မိဘ စီစဉ်ပေးတဲ့ မိန်းမကို ယူစေချင်တယ်၊ ကျွန်တော်က အဲဒီပုံစံခွက်ကြီးကို မုန်းတီးတယ်၊ မိဘအရိပ်အောက်က ထွက်ပြီး စွန့်စားကြည့်ချင်တယ်၊ ကျွန်တော်ကိုယ်တိုင် နှစ်နှစ်ကာကာ မေတ္တာရှိတဲ့ မိန်းမကိုပဲ ယူချင်တယ်၊ ဒါကြောင့် ဒီမှာ အလုပ် ဝင်လုပ်တာပေါ့ဗျာ"

ဦးလေးမောင်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြောသည်။

"ဩော်... လောကမှာ မိဘအရိပ် ခိုရတဲ့လူတွေကျတော့လဲ စွန့်စားချင်ကြတယ်၊ ခိုစရာ အရိပ်မရှိလို့ စွန့်စားရတဲ့လူ ကျပြန်တော့ မိဘအရိပ်ကို တောင့်တကြတယ်"

"ဒါပဲပေါ့ ဦးလေးရယ်၊ ဒါကြောင့် လူ့အလို နတ်မလိုက်နိုင်ဘူးလို့ ပြောတာပေါ့၊ မဟုတ်ဘူးလား"

"အေး ... ဟုတ်တယ်ကွ"

မင်းသိဒ္ဓိနှင့် ဦးလေးမောင် စကားကောင်းနေဆဲမှာပင် သူတို့ရှိနေသည့် သင်္ဘောကုန်းပတ်ပေါ်သို့ အင်းခွေးအညိုရောင်ကြီး တစ်ကောင် ဝုန်းခနဲ ခုန်ထွက်လာတာကို တွေ့လိုက်ရသည်။

ရုတ်တရက်မို့ သူက အံ့သြထိတ်လန့်သွားပြီး ထရပ်လိုက်တော့ အင်းခွေးကြီးက ဝေါင်းခနဲ ထဟောင်သည်။

"ဟာ... ဦးလေး လုပ်ပါဦးဗျး ဒီ ... ဒီကောင်ကြီးက ဘယ်လိုဖြစ်ပြီး ပါလာတာလဲ"

"ဟ .. ကောင်လေး၊ ပြန်ထိုင်ပြီး ငြိမ်ငြိမ်နေပါဟ၊ တော်ကြာ မင်းကို ခုန်အုပ်လိုက်လို့ ရေထဲပြုတ်ကျသွားမယ်၊ မျက်စိနောက်အောင် မလုပ်ပါနဲ့၊ ပြန်ထိုင်. . . ပြန်ထိုင်"

သူက ကြောက်ကြောက်လန့်လန့်နှင့် ပြန်ထိုင်လိုက်ရသည်။ ဒီတော့မှ ခွေးကြီး၏ ရန်လိုမှုများကလည်း ပြေလျော့သွားသည်။

"ဒီကောင်ကြီးက ဘယ်လိုလုပ်ပြီး သင်္ဘောပေါ် ပါလာရတာလဲ ဦးလေး၊ ဒါ ဘယ်သူ့ကောင်ကြီးလဲ"

"ရှူး ... တိုးတိုးပြော၊ ဒါ ပစ္စည်းတွေတင်လာတဲ့ သူဌေးရဲ့ခွေးကွ၊ အဆင့်အတန်း အတော်မြင့်တဲ့ကောင်နော် ပေါ့သေးသေး မဟုတ်ဘူး"

မြင့်မြင့်ထွားထွား သွားစွယ်ကြီးတွေ ဖွေးနေသည့် အင်းခွေးကြီးကို ကြည့်ပြီး သူကမေးတော့ ဦးလေးမောင်က လေသံတိုးတိုးနှင့် သတိပေးသည်။

"သူဌေးက ခရီးသွားတာကို ဘာကြောင့် ခွေးကြီးခေါ်လာရတာလဲ မသိဘူးနော်၊ ဒီကောင်ကြီးရဲ့ ပုံစံကိုကြည့်ရတာ တကယ် ကြောက်စရာကြီးဗျ"

ခွေးကြီးက သူတို့နှင့်မလှမ်းမကမ်း၌ ထိုင်နေသည်။

ဦးလေးမောင်က လေသံကို တိုးသည်ထက်ပိုတိုးပြီး သူ့ကိုပြောပြသည်။

"ငါတို့လှေပေါ်မှာ အခုပါလာတာ လူဆယ့်သုံးယောက် မဟုတ်လားကွ၊ သူဌေးက ဆယ့်သုံးဂဏန်းကို မကြိုက်ဘူး၊ ဒါကြောင့် ဆယ့်လေးဖြစ်သွားအောင် ဒီကောင်ကြီးကို ခေါ်လာတာပဲ"

"ကြံကြံဖန်ဖန် ဦးလေးရာ၊ ဒါ လူမှမဟုတ်ဘဲဗျ၊ ဆယ့်သုံးယောက် ဖြစ်နေတာကို မကြိုက်ဘူးဆိုရင်လဲ နောက်ထပ် လူတစ်ယောက် ထပ်ခေါ်လာလိုက်ရင် ပြီးတာပဲဗျာ"

"မသိပါဘူးကွာ၊ ဒါပေမဲ့ အမိန့်တော့ ထုတ်ထားတယ်နော်၊ ခဏနေရင် မင်းတို့လှေသားတွေ အားလုံးကို ခေါ်ပြောလိမ့်မယ်၊ ငါကတော့ သိထားပြီးနေပြီ"

"ဘာအမိန့်လဲဗျ"

"ဒီကောင်ကြီးကို ဘယ်သူမှ ဘာမှ မကျွေးရဘူးဆိုတဲ့ အမိန့်လေ"

"ကြီးကျယ်ပါ့ဗျာ"

သူနှင့် ဦးလေးမောင် ပြောနေဆဲမှာပင် ရှိခနဲ လေချွန်သံ တစ်ချက်ကို သင်္ဘော စက်သံကြားထဲမှ ခပ်တိုးတိုးကြားရသည်။ လေချွန်သံကို ကြားလိုက်ရတာနှင့် အင်းခွေးကြီးက သင်္ဘော ဝမ်းဗိုက်ပိုင်းထဲသို့ လွှားခနဲ ခုန်ဆင်းသွားတော့သည်။

"အားပါး. . . ဒီကောင်ကြီး မရှိမှဘဲ အသက်ရှူ ချောင်သွားတော့တယ်ဗျာ"

"ဟုတ်ပ့ါ ကောင်လေးရာ၊ ဒီကောင်ကြီးကြည့်ရတာ ငါ့ကို အဖက်တန်ပုံ မရဘူးနော်"

"ဩော်... သူဌေးခွေးပဲဗျာ၊ သူဌေးစိတ်တော့ ဝင်နေမှာပေ့ါ၊ မဟုတ်ဘူးလား"

"ဟား ဟား ဟား. . . ကဲ ငါ့မှာ လုပ်စရာရှိသေးတယ် ကောင်လေးရေ၊ သွားဦးမယ်"

ဦးလေးမောင် ထွက်သွားတော့ သူတစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့သည်။

စင်ရော်တွေလည်း မရှိတော့ပါ။

ရေအရောင်ပါ စိမ်းပျော့ပျော့ ပြာနုနုဘက်သို့ ပြောင်းလဲသွားလေပြီ။ ဘယ်နေရာကို ရောက်နေပြီဆိုတာ သူ မသိပါ။

အခုထိတော့ ပင်လယ်သည် ချစ်စရာ ကောင်းနေဆဲပင် ရှိသေးသည်။

မေလတွင် တစ်ခါတစ်ရံ မိုးသက်မုန်တိုင်းများ၊ လေဆင်နှာမောင်းများ တိုက်ခတ် ဒုက္ခပေးတတ်သည် ကြားဖူးသော်လည်း ခုထိတော့ ရာသီဥတုက သမမျှတနေပြီး သူ့စိတ်များကလည်း အထူးတလည်ပင် ကြည်လင်နေသည်။

စိတ်မသက်မသာ ဖြစ်စရာဆိုလို့ တစ်ခုပဲရှိသည်။ အဲဒါကတော့ အခြေကြီးကြီးနှင့် ရန်လိုချင်နေသည့် သူဌေး၏ အင်းခွေးကြီး ကိစ္စပင်ဖြစ်သည်။

တခြားလူတွေကတော့ တွေးမတွေးမသိပါ။ မင်းသိဒ္ဓိကတော့ ဒီခရီးကို ဘာကြောင့်များ ခွေးကြီးခေါ်လာရသည် ဆိုတာကို ဘဝင်မကျစွာ တွေးတောနေဖြစ်တော့သည်။

***

## အခန်း (၂)

သူဌေးသည် အသားမည်းမည်း၊ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနှင့် မျက်နှာပေါက် ခပ်ဆိုးဆိုးထဲက ဖြစ်သည်။

အားမနာတမ်း ဝေဖန်ရမည်ဆိုလျှင် သူဌေးရုပ်ရည် လုံးဝ မပေါက်ပါ။

သူဌေးနှင့် ယှဉ်ကြည့်လျှင် လှေသားထဲမှ ခေါင်းဆောင် ကိုပီယကမှ ဥပဓိရုပ် ရှိသေးသည်ဟု သူက စိတ်ထဲမှ ဝေဖန်မိသည်။

"ကဲ... လူစုံတုန်းမှာ ပြောစရာရှိတယ်"

ဩရှရှ သူဌေး၏အသံကြောင့် မင်းသိဒ္ဓိအပါအဝင် လှေသားအားလုံးက စားလက်စ ထမင်းလုတ်များကို အသာချပြီး သူဌေးကို မော့ကြည့်မိသည်။

"ကျုပ်ရဲ့ ခွေးကြီးကို မင်းတို့တွေ ဘာအစာမှ မကျွေးကြပါနဲ့၊ ပြီးတော့ ကျုပ်ရဲ့ပစ္စည်းတွေကို ကိုင်တာယူတာတွေ လုံးဝ မလုပ်ကြနဲ့၊ မင်းတို့ အဲဒီလို လုပ်ရင် ကျုပ်ခွေးကြီးက လည်မျိုကို ခဲပစ်လိုက်လိမ့်မယ်၊ မင်းတို့ ဘာမှမ လုပ်သရွေ့ သူကလဲ မင်းတို့ကို ရန်မူမှာ မဟုတ်ဘူး၊ အဲဒါကို အားလုံးသိအောင် ကြိုတင်ပြောထားတာ၊ ကျုပ်ခွေးက နိုင်ငံခြားမှာ စနစ်တကျ သင်ကြားထားတဲ့ ခွေးပဲ၊ ကျုပ်ပစ္စည်းကိုယူပြီး .. ဘယ်နေရာမှာပဲ ဖွက်ထားထား ဒီကောင်တွေ့အောင် ရှာနိုင်တယ်၊ ဒါ ကျုပ်ကြွားနေတာ မဟုတ်ဘူးနော်"

ခပ်ရင့်ရင့်ပြောပြီး သူဌေးက ပြန်လှည့်ထွက်သွားသည်။

သူတို့အားလုံးကတော့ မကျေနပ်စိတ်ကြောင့် ထမင်းလုတ်တွေ နင်

ကုန်သည်။

အားလုံးထဲတွင် ဂင်တိုတိုနှင့် စိတ်ဆတ်ပုံရသည့် ကိုလုံးကလည်း မကျေမနပ် စကားကို အရင်စပြောသည်။ ကိုလုံး ပြောတာကို အားလုံးကလည်း ထောက်ခံကြသည်။

"အလကားသက်သက် ငါတို့ကို ခြိမ်းခြောက်သွားတာကွ၊ သူတင်လာတဲ့ ကုန်ဆန်အိတ်၊ ပဲအိတ်တွေကို ငါတို့က ဘာလုပ်ရမှာမို့လို့လဲ"

"အေးလေကွာ၊ သူလောက် မချမ်းသာကြဘူးဆိုပြီး ချိုးချိုးဖွဲ့ဖွဲ့နဲ့ အခံရခက်တယ်"

"ဒီလောက်တောင် ဖြစ်လှတာ အဲဒီခွေးဝဲစားကို အမဲလုံးကျွေးမယ်"

ခပ်ကြမ်းကြမ်း နင်းလာသည့် ခြေသံကြောင့် ကိုလုံးဆိုသည့်လူက ပြောလက်စ စကားကို ဆုံးအောင် မပြောဘဲ ရပ်ပစ်လိုက်ပြီး ထမင်းကို ဟန်မပျက်ငုံ့ကာ စားနေလိုက်သည့်အတွက် ကိုလုံး၏ သတ္တိကို သူက ရယ်ချင်သွားသည်။

အခုတစ်ခါ ထမင်းစားခန်းထဲသို့ ဝင်လာသူက သူဌေးမဟုတ်ဘဲ သင်္ဘော၏ဘုရင် မာလိန်မှူးပင် ဖြစ်သည်။

နှာခေါင်းပြားပြား၊ မျက်နှာပြားပြား၊ မျက်ခွံပိတ်ပိတ်၊ ပါးစပ်ကျယ်ကျယ်နှင့် မာလိန်မှူးသည် သူတို့အားလုံးကို အေးစက်စက် မျက်လုံးနှင့် ခြုံငုံ၍ စူးစိုက်ကြည့်သည်။

"အဟမ်း ..."

မာလိန်မှူး၏ ချောင်းဟန့်သံကြောင့် သူနှင့် လာယှဉ်ထိုင်နေသည့် ကိုတောက်တဲ့ ဆိုသူက လက်ထဲမှ ထမင်းလုတ်ပင် လွတ်ကျသွားတာကို တွေ့ရသည်။ တခြားလူတွေလည်း ငြိမ်သက်ကုန်သည်။ သူကတော့ ပထမဦးဆုံး

အတွေ့အကြုံမို့ အားလုံးကိုသာ အကဲခတ် နေမိတော့သည်။

"အားလုံး နားထောင်ကြ၊ အခု ငါတို့သင်္ဘောဟာ ပင်လယ်နက်ထဲကို ရောက်လာပြီး ရာသီဥတုက တစ်သမတ်တည်းပြောလို့ မရဘူး၊ အခု ကောင်းပေမဲ့ ချက်ချင်းဖောက်ချင် ဖောက်တတ်တယ်၊ ဒါကြောင့် အားလုံး ကိုယ့်တာဝန်ကိုယ်ကျေပါ၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ နိုးနိုးကြားကြားနေပါ၊ ဒါက တာဝန်အပိုင်းကို ပြောတာ၊ မင်းတို့ကို အထူးမှာချင်တာကတော့ ကိုယ်နဲ့မဆိုင်တာကို မစပ်စုနဲ့၊ ပစ္စည်းတင်လာတဲ့ သူဌေး စိတ်ဆိုးအောင် မလုပ်နဲ့၊ သူရဲ့ အင်းခွေးကြီးကို ဘာအစာမှ မကျွေးကြနဲ့၊ အဲဒါ တင်းကျပ်တဲ့ အမိန့်ပဲ"

"အဲဒီအမိန့်ကို ချိုးဖောက်ကြရင် အပြင်းထန်ဆုံး အရေးယူမယ်၊ ဒါပဲ"

သူတို့ တစ်ယောက်စီကို လိုက်ကြည့်ပြီး မာလိန်မှူးက စောစောတုန်းက လိုပင် ခြေသံပြင်းပြင်းနင်း၍ ပြန်ထွက်သွားသည်။

မာလိန်မှူးကိုတော့ ဘယ်သူမှ မဝေဖန်ကြပါ။ အလုပ်သမားတွေထဲ၌ မာလိန်မှူး၏လူ ရှိကိုရှိလိမ့်မည် ဟု သူက အတပ်တွေးလိုက်သည်။

ပြီးတော့....

သတိထားရမည်ဟုလည်း တေးမှတ်လိုက်သည်။

သူဌေးနှင့် မာလိန်မှူး ထွက်သွားတာနှင့် သူတို့အားလုံး ထမင်းစား ပျက်သွားတော့သည်။

အားလုံးထဲ၌ သူကပိုဆိုးသည်၊ ကြမ်းတမ်းသည်။ ထမင်းနှင့် ဆီနည်းနည်း၊ ဆားနှင့် ငရုတ်သီးများများ ဟင်းကို သူက စားကျင့် မရှိသေးသည့်အတွက် လည်ချောင်း နင်တာတော့ အမှန်ပင်။

သင်္ဘောအလုပ်သမား တစ်ခါမှ မလုပ်ဖူးသည့်အတွက် ဘာတွေဘယ်လို

ရှိသည်၊ ဘယ်သူ့ကို ဘယ်လိုပေါင်းရမည်၊ ဘာတွေကို ရှောင်ကြဉ်ရမည်ဆို တာကို သူတကယ် မသိသေးပါ။

ဒါပေမဲ့..

သူဌေးပြောသွားသည့် စကားကိုရော မာလိန်မှူး ပြောသွားသည့် စကား ကို သူ သိပ်ဘဝင်မကျတာတော့ အမှန်ပဲ ဖြစ်သည်။

ခြိမ်းခြောက်မှုတွေ၊ မရိုးသားချင်တာတွေ ပါဝင်နေသည်ဟု သူက တွေး မိသည်။

သို့သော်..

ကိုယ်နှင့်မဆိုင်သည့်ကိစ္စမို့ သူက ဆက်မတွေးဘဲ ထားထားလိုက်သည်။

သူနှင့်ပတ်သက်တာက ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ ကိုယ့်တာဝန် ကိုယ် ကျေပွန်ဖို့၊ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်ပြေစွာ ပေါင်းသင်းနိုင်ဖို့ ကိုယ့် ကိုယ်ကို အန္တရာယ်ကင်းအောင် နေဖို့ပဲ ဖြစ်သည်။

ကျန်းမာပြီး အလုပ်များများလုပ်နိုင်ဖို့ အစားများများ စားရမည်။ ထို့ကြောင့် သူက စားလို့ကောင်းကောင်း မကောင်းကောင်း ထမင်းထဲတွင် အာရုံကိုနှစ်ထားကာ တအား စားပစ်လိုက်သည်။

အားလုံးက သူတို့အချင်းချင်း အာလာပသလ္လာပတွေ ပြောဆိုကြ သော်လည်း သူ့ကိုတော့ ဘာမှမပြောကြပါ။ သူကတော့ အသာပဲ ငြိမ်နေ လိုက်သည်။

လူသစ်မို့ သူ့ကို အကဲခတ်နေသူများ ရှိသလို ပညာပြချင်သူများ၊ ချောက်တွန်းချင်သူ များလည်း ရှိနေသည်။

သူကတော့ ... ရေမြွေလေးလို ခပ်ကုပ်ကုပ်ပဲ နေလိုက်သည်။ ဒီအလုပ်၊ ဒီ ဝန်းကျင်သည် သူနှင့် အစိမ်းသက်သက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ဘွဲ့ရပညာတတ် ဖြစ်သော်လည်း သဘော်ာကုန်စာရေး ရာထူးနှင့် သူ အလုပ် ဝင်တာမဟုတ်။ အထွေထွေ အလုပ်သမားအဖြစ် သူအလုပ်ဝင်ခဲ့တာ ဖြစ်သည်။

ဒီတော့ သူလုပ်ရသည့် အလုပ်တွေကလည်း ကြမ်းတမ်း ပင်ပန်းသည်။ မနက်အိပ်ရာက ထတာနှင့် သဘော်ာကုန်းပတ်ကို တိုက်ရသည်။ ရေးချိုးခန်း အိမ်သာကို ဆေးရသည်။

စက်ခန်းမှာ အကူအညီလိုလျှင် ဝင်ကူရသည်။ ထမင်းချက်သည့် ဦးလေး ကိုလည်း ဝင်ကူရသည်။ သူ့ထက်ဝါရင့်သည့် အလုပ်သမားက ခိုင်းလျှင် လည်း တောက်တိုမည်ရတွေ လိုက်လုပ်ပေးရသည်။

သာမန် ဒေါင်ကျကျ ပြားကျကျ ယောက်ျားတစ်ယောက် အတွက် သူလုပ် ရတာလောက်သည် မပြောပလောက် သော်လည်း တစ်သက်လုံး ဘာတစ်ခု မှ ပင်ပင်ပန်းပန်း မလုပ်ခဲ့ဖူးသည့် သူ့အတွက်တော့ ကြမ်းတမ်း ပင်ပန်းနေ ရတာ အမှန်ပင်။

သူလုပ်ကိုင်နေရတာတွေကို မေမေသာ တွေ့လျှင် ရင်ကွဲပက်လက် ဖြစ်မှာ သေချာသည်။

"ဟေ့ကောင်လေး... စားမကောင်းဘူးလားကွ"

ဦးလေးမောင်က သူ့ ပခုံးကို ပုတ်ပြီး မေးသည်။

ထိုအချိန်တွင် ထမင်းစားနေသည့် အုပ်စုထဲတွင် သူရယ်၊ ကိုတောက်တဲ့ ရယ်၊ ကိုပီယရယ်ပဲ ကျန်တော့သည်။

ကျန်လူတွေက ထမင်းစားပြီးလို့ အလျှိုလျှို ထွက်ခွာသွား ကြပြီဖြစ်သည်။

"စားကောင်းပါတယ် ဦးလေးရ၊ ကျွန်တော် စားပစ်တာမှ မနည်းပဲ"

"ဟား . . ဟား . . ငါ့ကောင်တော့ လေ့တစ်ပေါက်နဲ့တင် ပြေးတော့မယ်

ထင်ပါရဲ့"

"မပြေးပါဘူး ဦးလေးရာ"

"ကြည့်ကြသေးတာပေါ့ကွာ အခုတောင် မင်းလက်ဖဝါးတွေ ပေါက်ပြဲကုန်ပြီ မဟုတ်လား"

သူနှင့် ဦးလေးမောင် ပြောနေဆဲမှာပင် ထမင်းစားခန်း ဝင်ပေါက်ဘက်ကို တစ်ချက် လှမ်းကြည့်ပြီး ကိုတောက်တဲ့က ဦးလေးမောင်ကို ခပ်တိုးတိုး မေးသည်။

"ဟော့လူကြီး၊ ဟိုခွေးကြီးက ဘာတွေစားသလဲဗျ"

"တစ်ခါစားရင် အမဲသား ငါးဆယ်သားပဲ တောက်တဲ့ရေ၊ ပြီးတော့ ချောကလက်တွေ၊ အသားဘူးတွေကိုလဲ ကျွေးသေးတယ်၊ ရေတိုက်တာတောင် သောက်ရေသန့်ဘူးကိုမှ တိုက်တာ၊ ဒီခွေး တယ်ဘုန်းကြီးတာပဲ"

ဦးလေးမောင် စကားအဆုံး၌ ကိုပီယက မဲ့ရွဲ့ပြီး ဝင်ပြောသည်။

"ထွီး . . . အလကားပါဗျာ"

"ဘာဖြစ်လို့ ဒီခွေးကြီးကို ခေါ်လာတယ် ဆိုတာ ကျုပ်တော့ စဉ်းစားလို့ကို မရဘူး၊ ကျုပ်ညီ တောက်ထိန်ရဲ့ အဝတ်တွေ လှန်းထားတာကို သေးနဲ့ ပန်းသွားသေးတယ်ဗျာ"

ကိုတောက်တဲ့နှင့် မျက်နှာကျ ခပ်ဆင်ဆင်တူသူသည့် ကိုတောက်ထိန်ပဲဟု မင်းသိဒ္ဓိ အမှတ်ထားရပြန်သည်။ အဝတ်တွေကို ခွေးကြီး သေးနှင့်ပန်းတယ်ဆိုမှ စောစောစီးစီး သင်္ဘောဦးပိုင်းတွင် ခွေးချေးကျုံးရတာကို အမှတ်ရပြီး ပို၍အန်ချင်သွားသည်။

"မင်းလဲ ခွေးချေး ကျုံးလိုက်ရသေးတယ် မဟုတ်လား"

ကိုပီယက သူ့မျက်နှာကိုကြည့်ပြီး မေးခြင်းဖြစ်သည်။

"ဟုတ်တယ် အစ်ကို ... ပြီးတော့ သန့်ရှင်းရေးလုပ်ရင်း သင်္ဘောဝမ်းထဲကို ဆင်းတော့ အဲဒီကောင်ကြီးက ကျွန်တော့်ကို မာန်ဖီသေးတာဗျ၊ သူဌေး ရောက်လာပြီး ရတယ် ရတယ် သင်္ဘောဝမ်းထဲ မဆင်းနဲ့လို့ လာပြောပေးရ တယ်"

"ဟာ... ကျုပ်လဲ သတိထားမိတယ် ကိုပီယ၊ သင်္ဘောကုန်းတင်တဲ့ နံပါတ် နှစ် အကန့်နားကို ကျုပ်ရောက်သွားတော့ ခွေးကြီးက ဝေါင်းခနဲ ထဟောင် ပြီး ခုန်အုပ်တော့မယ့် ပုံစံကြီးဗျာ၊ တောက်ထိန်ကလဲ ပြောတယ်၊ ညက သူ့ တာဝန်မို့ လျှောက်လှည့် ကြည့်တော့ ကုန်တင်ထားတဲ့ နံပါတ်နှစ် အကန့် ရှေ့မှာ ခွေးကြီးက လုံးဝ မအိပ်ဘဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာတဲ့ ဗျ"

သူက အတော်ကို စိတ်ဝင်စားသွားမိသည်။

ကုန်တင်တဲ့နံပါတ်နှစ် အကန့်ထဲမှာ ဘာတွေတင်လာလို့ ခွေးကြီးက မ အိပ်ဘဲ စောင့်နေရတာလဲ. . .

ဘာကြောင့် အဲဒီအနား ရောက်လာသူတွေကို ရန်လိုပြနေရတာလဲ ...

အရေးကြီးသည့် ကုန်ပစ္စည်းတစ်ခုခု၊ တန်ဖိုးကြီးမားသည့် ကုန်ပစ္စည်း တစ်ခုခုကို တင်ဆောင်လာလို့ပဲ ဖြစ်ရမည်ဟု သူက တွေးမိသည်။

သူတွေးသလိုပဲ ကိုပီယတို့ပါ တွေးနေပုံရသည်။

သို့သော်. . .

ဘယ်သူမှ ထုတ်ဖော်မပြောကြပါ၊ ကိုယ့်ထင်ကြေးကို ကိုယ်မပြောရဲဘဲ ရှိ နေကြတာပဲ ဖြစ်မည်။

"ဒီကောင်ကြီးက သူဌေးရဲ့ သက်တော်စောင့်ပဲ ဖြစ်မှာပေါ့လေ၊ ကဲ ... မင်း တို့အားလုံး စားလို့ပြီးပြီ မဟုတ်လား၊ ငါ သိမ်းစရာတွေ သိမ်းတော့မယ်၊

ဟော့ကောင်လေး ... မင်းငါ့ကို အိုးတွေ ကူဆေးပေးဦးကွ"

"ဟုတ်ကဲ့ ဦးလေး"

ဦးလေးမောင်က တမင် စကားစဖြတ်ပစ်ပြီး လူစုခွဲပေးလိုက်တာပဲ ဆိုကာကို သိပုံရသည်။ ကိုပီယက ရေတိုင်ကီကြီးဆီ သွားပြီး ထမင်းစားဇလုံကို ရေငန်များနှင့် တဝုန်းဝုန်း လောင်းချပေးကာ သဘော်ဦးပိုင်းသို့ ထွက်သွားတော့သည်။

ခဏနေတော့ ကိုတောက်တဲ့ပါ ထွက်သွားသည်။

သူကတော့ ဦးလေးမောင်နှင့်အတူ ကူညီသိမ်းဆည်းရင်း ကျန်ရစ်ခဲ့လိုက်သည်။

ဘာတွေဖြစ်နေမှန်း မသိပေမဲ့ အခြေအနေကတော့ တစ်မျိုးကြီးပဲဟု သူက ခံစားနေမိသည်။

ဒီထက်ပိုပြီးတော့လည်း သူမသိပါ။

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် လူ့သဘာဝအရ စပ်စုချင်မိတာတော့ သေချာ၏။

***

## အခန်း (၃)

"ဦးလေး သင်္ဘောသား လုပ်စားနေတာ နှစ်ပေါင်းသုံးဆယ် ကျော်နေပြီဆိုတော့ အတွေ့အကြုံတွေ အများကြီး ရှိမှာပဲနော်၊ လုပ်ပါဗျ. . . ကျွန်တော့်ကို နည်းနည်းပါးပါး ပြောပြပါ"

ဆေးပေါ့လိပ်ကို မီးဖွားဖွားကျအောင် ဖွာပြီး ဦးလေးမောင်က သူ့ကို ပြန်ပြောသည်။

"သင်္ဘောသားလို့ မပြောစမ်းပါနဲ့ ကောင်လေးရာ၊ ကြီးကျယ် ခမ်းနားလွန်းပါတယ်၊ ဒီမှာ လှေစီးတယ်လို့ပဲ ပြောပါကွ"

"လှေစီးတယ်ဆိုတော့လည်း လှေစီးတယ်ပေါ့ဗျာ"

သင်္ဘောကုန်းပတ်ရှိ ကြိုးခွေကြီးပေါ်တွင် ကျောမှီရင်း ညဥ့်လေအေးများကို ခံစားကာ သူက ဦးလေးမောင်နှင့် စကားစမြည် ပြောနေခြင်း ဖြစ်သည်။

တခြား အလုပ်သမားတွေက အိပ်သူအိပ်၊ ဖဲရိုက်သူက ရိုက်နေကြပြီး၊ သူဌေးနှင့် မာလိန်မှူးကတော့ အရက်အတူတူ သောက်နေကြသည်။

သင်္ဘောကို လက်ထောက်မာလိန်မှူးက ခုတ်မောင်းနေတာ ဖြစ်သည်။

ကောင်းကင်ပေါ်၌ တိမ်တွေရှိနေသည့်အတွက် ပတ်ဝန်းကျင်က မှောင်မည်းနေသည်။ တိုက်ခတ်သည့် လေများကလည်း အေးစက်နေသည်။ ညက အိပ်စင် ကျဉ်းကျဉ်းလေးပေါ်တွင် ပူလောင်အိုက်စပ်စွာ အိပ်ခဲ့ရသည့်အတွက် အခုည အေးအေးလေး အိပ်ရအောင် သူကတော့ မိုးရွာစေချင်တာ အမှန်ပင်။

"ခဏနေရင် မိုးရွာလိမ့်မယ်ကွ"

"မိုးရွာတော့ ကောင်းတာပေါ့ ဦးလေးရာ၊ ညက ပူလွန်းလို့ အိပ်လို့မရဘူး၊ ရေလဲ ဝအောင် မချိုးရတော့ ကျောကုန်းမှာ မိတ်ဖုတွေတောင် ထွက်လာတယ်၊ ဒီည မိုးရွာရင်တော့ မိုးရေ ဝအောင်ချိုးပြီး အေးအေးချမ်းချမ်း အိပ်ပစ်လိုက်မယ်"

"အေး... မိုးပဲရွာရင်တော့ ကောင်းတာပေါ့ကွာ၊ ငါ့စိတ်ထင် စနေထောင့်မှာ ပန်းရောင် သန်းနေသလားပဲ"

"အဲဒါဆို ဘာဖြစ်တတ်သလဲဗျ"

သူက စိတ်ဝင်တစား မေးလိုက်မိသည်။

"အဲဒီလို ကောင်းကင်နီနေရင် လေနီကြမ်း တိုက်တတ်တယ် ကောင်လေးရ၊ မုန်တိုင်းတွေလဲ ဖြစ်နိုင်တယ်"

မုန်တိုင်းဆိုသည့် စကားကြောင့် သူက နည်းနည်း လန့်သွားသည်။ မိုးပေါ်ကို မော့ကြည့်တော့ ဦးလေးမောင် ပြောသည့် ပန်းရောင်သန်းတာကိုလည်း မတွေ့။ အနီရောင် ဖြစ်နေတာကိုလည်း မမြင်ရ။ မိုးတိမ်ထုထဲ၌ လင်းပျပျဖြစ်နေသလားလို့တော့ ထင်ရသည်။

သိသိသာသာကြီးလည်း မဟုတ်ပြန်။

"ဦးလေးပြောတာတွေ ကျွန်တော်တော့ မတွေ့မိပါဘူးဗျာ၊ မိုးသားတွေမည်းနေတာပဲ တွေ့တယ်၊ တခြားတော့ မသိဘူး"

"ငါက မျက်လုံးနဲ့ကြည့်တာ မဟုတ်ဘူး ကောင်လေးရ၊ အတွေ့အကြုံနဲ့ကြည့်တာ၊ ဒါကြောင့် ငါမြင်တာကို မင်း မမြင်နိုင်ဘူး၊ ငါသိတာကိုလဲ မင်းမသိနိုင်ဘူး"

ဦးလေးမောင် လေထွားနေပြီဟု တွေးပြီး သူက စိတ်ထဲမှနေ၍ ပြုံးလိုက်

မိသည်။

"ငါ လေကျယ်နေတယ်လို့ မင်း တွေးနေတယ် မဟုတ်လားကွ ... ကောင်လေးရ"

"ဟာ... မတွေးပါဘူး ဦးလေးရာ"

ပျာပျာသလဲ ငြင်းဆန်ရင်း ဝါရင့်လှေသားကြီးကို သူက ဖြုံသွားသည်။

"မတွေးဘူးဆိုလဲ ထားပါတော့ကွာ၊ ကောင်လေးရ... ဒီနေ့ညတော့ သတိနဲ့သာအိပ်ကွ၊ ဒီလို လတွေမှာ ရာသီဥတုက မထင်မှတ်ဘဲ ဖောက်ပြန်တတ်တယ်၊ ပြောရဦးမယ်၊ ငါ့အသက်နှစ်ဆယ် ကျော်ကျော်လောက်တုန်းက ငါစီးလာတဲ့ (ငါးပိ) ငပိလှေကလေး လေဆင်နှာမောင်းနဲ့ မိုးပေါ်ကို ပါသွားဖူးတယ်ကွ"

ဦးလေးမောင် ပြောတာကို သူက အတော်ပဲ စိတ်ဝင်စားသွားသည်။

"ဘယ်နေရာမှာ ဖြစ်တာလဲ ဦးလေး"

"ဒီလိုပဲ တနင်္သာရီ ကမ်းရိုးတန်းမှာပေါ့ကွာ၊ ငါက ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ကော့သောင်း ကမ်းရိုးတန်းတစ်လျှောက် လွန်းပြန်သွားနေတဲ့ ငါးပိလှေမှာ လိုက်စီးခဲ့တာပေါ့၊ ငပိလှေဆိုတာ ဒီလိုအကြီးကြီး မဟုတ်ဘူးကွ၊ သစ်သားကိုယ်ထည်နဲ့ လှေခပ်သေးသေးပဲ၊ ငပိတွေချည်း တင်ပြီး သွားတာဆိုတော့ အခုလို ဘယ်ဟုတ်ပါ့မလဲကွာ၊ တစ်ကိုယ်လုံး ငပိနံ့ နံနေတာပေါ့၊ ဆိပ်ကမ်းတွေမှာ ကပ်ရင် ကုန်သည်တွေက လာဝယ်တယ်၊ အရောင်းအဝယ် ဖြစ်ရင် ငါတို့က ငပိတွေကို တောင်းနဲ့ကျုံးပြီး တမ်းချပေးရတယ်၊ ဘယ်လိုလုပ်ပေးပေမဲ့ လခကတော့ နည်းနည်းလေးပဲ ရတာပေါ့ကွာ၊ အဲနေဦး အဲဒါထားလိုက်ဦး၊ ငါ မင်းကို ပြောပြချင်တာ အဲဒါ မဟုတ်ဘူး၊ လေဆင်နှာမောင်းမိတဲ့ အကြောင်း ပြောချင်တာကွ"

ဦးလေးမောင်က မီးသေသွားသည့် ဆေးပေါ့လိပ်ကို မီးပြန်ညှိပြီး အားရပါးရ ဖွာရှိုက်သည်။

ပြီးတော့မှ ပြောလက်စ စကားကို ဆက်သည်။

"အဲဒီတုန်းကကွာ လေဆင်နှာမောင်းက စုပ်တင်လိုက်တဲ့ ကတော့ကြီးထဲကို ငါတို့လှေ တစ်စီးလုံး မြောက်တက်ပြီး ပါသွားတာဟေ့"

"ပြန်ကျတော့ လှေတွေ မွကျိုးပဲ့သွားမှာပေါ့နော်"

"နေဦးကွ၊ ဘယ်လိုပုံစံနဲ့ ပြန်ကျတယ်ဆိုတာကို ငါမသိလိုက်ပါဘူးကွာ၊ ဘာဖြစ်လို့လဲ ဆိုတော့ လေဆင်နှာမောင်းကတော့ကြီး စုပ်တင် မသွားသေးခင် လက်မတင်လေးမှာပဲ ငါက လှေပေါ်ကနေ ရေပုံးတစ်ပုံးကို ဖက်ထားရက်နဲ့ လွင့်ကျသွားလို့လေ၊ ဒါကြောင့် လှေတစ်စီးလုံး ငါ့မျက်စိရှေ့မှာတင် မြောက်တက်သွားတာကို အသေအချာ မြင်လိုက်ရတာပေါ့"

"ပြီးတော့ ဘာဖြစ်သွားလဲ ဦးလေး"

ဦးလေးမောင်က ခေါင်းကိုသာ ခါယမ်းနေသည်။

သူမေးတာကို တော်တော်နှင့်မဖြေ၊ အတော်ကြာမှ ပြန်ဖြေလိုက်လေသည်။

"အဲဒီလှေနဲ့ လှေပေါ်မှာ ပါသွားတဲ့လူတွေ ဘာဖြစ်သွားတယ်၊ ဘယ်ရောက်သွားတယ် ဆိုတာကို ဘုရားပဲ သိမှာပေါ့ကွာ၊ လူတွေတော့ ဘယ်သူမှ မသိကြပါဘူး၊ အခုချိန်ထိ အစအနလေးတောင် ရှာမတွေ့တော့ဘူး"

သူက အံ့ဩထိတ်လန့်သွားသည်။

"ဟာ... လူတွေပါ ပျောက်ကုန်တာလား"

"အေးလေကွာ၊ ကံကောင်းထောက်မလို့ ငါက လွင့်ကျ ကျန်ရစ်ခဲ့တာ၊ ပင်လယ်ထဲမှာ နှစ်ရက်တိတိ မျောနေပြီးမှ ငါးဖမ်းလှေတစ်စင်းက တွေ့လို့

ကယ်တာကြောင့် အသက်ရှင်ခဲ့ရတာပေါ့"

"ကြောက်စရာပဲ ဦးလေးရာ၊ ဒီနေရာမှာ အဲဒီလိုမျိုးတွေ ခဏခဏကြုံရသလားဟင်"

"ကြုံချင်လဲ ကြုံကြမှာပေါ့ကွာ စက်လှေရော လှေပေါ်က လူတွေပါ ပျောက်သွားမှတော့ ဘာတွေဘယ်လို ကြုံတွေ့ရပါတယ် ဆိုတာကို ဘယ်သူက ပြန်ပြောနိုင်မှာတဲ့လဲ၊ ငါသာ သေနေ့ မစေ့သေးလို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရတာကွ၊ နောက်ဆိုရင် သိကြားရမှာပါ၊ ပင်လယ်မှာ သွားလာရင်း လှေရောလူရော စုတ်စမြုပ်စနေအောင် ပျောက်သွားတတ်တာတွေမှ တစ်ပုံကြီးပဲ၊ ပင်လယ်က တကယ်လျှို့ဝှက်နက်နဲတဲ့ နေရာပဲ ကောင်လေး"

ပျောက်သွားတဲ့ စက်လှေတွေ၊ လှေနှင့်အတူပါသွားသည့် လူတွေ ဘယ်ကို ရောက်သွားကြသလဲ ...

ဘာတွေဖြစ်ကုန်ကြသလဲ. . .

ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံတွေ့ခဲ့ကြရသလဲ. . .

အားလုံးသေကုန်ပြီလား၊ ဒါမှမဟုတ် တစ်နေရာရာမှာပဲ တစ်စုတစ်ဝေးတည်း ရှိနေကြသလား. ...

အတွေးဖြင့်သူက ငြိမ်သက်နေဆဲ၊ အင်းခွေးကြီး၏ မာန်ဖီသံကြီးရယ်၊ လူတစ်ယောက် ကြောက်လန့်နာကျင်စွာ အော်ဟစ်လိုက်သည့် အသံရယ်ကို တစ်ဆက်တည်း ကြားလိုက်ရတော့သည်။

"ဝေါင်း"

"အား..."

တိုင်ပင်မထားပါဘဲ သူနှင့်ဦးလေးမောင်က ဝုန်းခနဲ ထရပ်မိသည်။

ဒါ ကုန်ပစ္စည်းတွေထားသည့် သင်္ဘောဝမ်းထဲက ထွက်လာသည့် အသံပဲ

ဟု တွေးလိုက်မိပြီး သဘော်ဝမ်းထဲသို့ ဆင်းသည့် တံခါးပေါက်ဆီ ပြေးသွားဖို့ဟန်ပြင်ဆဲ ဦးလေးမောင်က သူ့ကို ဖမ်းဆွဲထားသည်။

"အောက်ထဲက အသံဗျ ... တစ်ယောက်ယောက်ကိုတော့ ဟိုကောင်ကြီး ကိုက်လိုက်ပြီ ဦးလေး"

သူက ဦးလေးမောင်လက်ထဲမှ ရုန်းရင်းပြောတော့ ဦးလေးမောင်က သူ့ကို ပိုမိုတင်းကျပ်စွာ ဆွဲထားပြီး မျက်နှာနားသို့ ကပ်၍ ပြောလေသည်။

"ကောင်လေး အသာနေစမ်း တော်ကြာ မင်းပါ ဒုက္ခ ရောက်သွားမယ်"

သူက ဆက်မရုန်းဘဲ အသာလေး နေလိုက်သည့် အချိန်မှာပင် သူဋ္ဌေးနှင့် မာလိန်မှူး ရောက်ချလာသည်။ မရှေးမနှောင်းမှာပင် တခြား အလုပ်သမားတွေပါ ရောက်လာကြပြီး သဘော်ဝမ်းဗိုက် ကုန်သိုလှောင်ခန်းဆီသို့ ဆင်းပြေး ကြည့်ကြဖို့ ပြင်ကြသည်။

"ဟေ့ကောင်တွေ... တစ်ယောက်မှ မဆင်းနဲ့၊ အသာနေကြ မင်းတို့ပါ သေသွားမယ် နားလည်လား"

မာလိန်မှူးက အားလုံးကို လှည့်ဟောက်ပြီး သူဋ္ဌေးနှင့်အတူ သဘော်ဝမ်းဗိုက် ကုန်လှောင်ခန်းထဲသို့ ဆင်းသွားသည်။

"ဟာ ဘိုကြီးကွ ခွေးကိုက်ခံရတာ ဘိုကြီးပဲ"

"ဟုတ်တယ် လူအားလုံးစုံတယ်၊ ဘိုကြီးတစ်ယောက်တည်းပဲ မရှိတာ"

"ဘာ ... ဘာသံမှ မကြားရသေးဘူး"

"သေပြီလား မသိပါဘူးကွာ၊ ဒီခွေးမျိုးတွေက လည်မျိုကို ခဲတတ်တာကွ"

တစ်ယောက်တစ်ပေါက် ပြောပြီး မျက်နှာတွေ ပျက်နေကြပေမဲ့ သဘော်ဝမ်းထဲသို့ ဘယ်သူမှ ဆင်းမလိုက်ရဲကြဘဲ အခြေအနေကိုသာ ဒီအတိုင်း စောင့်ကြည့်နေကြသည်။

မင်းသိဒ္ဓိကတော့ ဒါမရိုးသားမှု တစ်ခုခုပဲ ဖြစ်လိမ့်မည်ဟု တွေးတောနေမိသည်။ သူတို့ကို တစ်ခုခုဖုံးကွယ်ချင်လို့ သင်္ဘောဝမ်းထဲ ပေးမဆင်းတာဘဲ ဖြစ်လိမ့်မည်။

"ဘိုကြီး ဆိုသည့်လူကရော အချိန်မတော်မှ သင်္ဘောဝမ်းထဲကို ဘာဆင်း လုပ်ရတာလဲ"

ဘိုကြီးဆိုသည့်လူလည်း မရိုးသားနိုင်။ ကုန်လှောင်ခန်းထဲကို ခိုးဝင်တာ ဖြစ်နိုင်သည်။

သူက ဆက်စပ်တွေးတောနေဆဲ ဦးလေးမောင်က သူ့နားကိုကပ်၍ မသိမသာပြောသည်။

"ဘိုကြီးဆိုတာ မာလိန်မှူးလက်သပ် မွေးထားတဲ့ တပည့်တွေကွ၊ ကောင်လေး ... မဆိုင်တာဝင်မပါနဲ့၊ အဲဒါ အန္တရာယ်ကင်းတယ်"

သူက အသာလေး ခေါင်းဆတ်ပြသည့် အချိန်မှာပင် မာလိန်မှူး၏ အသံကျယ်ကျယ်ကို ကြားရသည်။

"ဟေ့. . . ပီယနဲ့ တောက်ထိန် ဆင်းလာခဲ့စမ်း"

တိုးတိုးအသံတွေ ငြိမ်သွားသည်။

ကိုပီယနှင့် တောက်ထိန်က သင်္ဘောဝမ်းထဲသို့ ခပ်သုတ်သုတ် ဆင်းသွားသည်။

ထိုအချိန်မှာပင် လျှပ်စီးတစ်ချက် ဝင်းလက် လင်းထိန်သွားပြီး သူက ရာသီဥတုကို သတိရမိသွားသည်။

မိုးကောင်းကင်တစ်ခုလုံး မည်းမှောင်နေပြီး လေကလည်း စောစောကလောက် မတိုက်တော့ဘဲ ငြိမ်သက်နေသည်။ အမှောင်ထဲ၌ မဟူရာမင်းသားက တရွေ့ရွေ့ ခုတ်မောင်းနေသည်။

ဦးလေးမောင်ကို ရာသီဥတုအခြေအနေ မေးကြည့်ဖို့ ဟန်ပြင်ဆဲ ကိုပီယနှင့် ကိုတောက်ထိန်က ပျော့ခွေ၍ သွေးအလူးလူး ဖြစ်နေသည့် ကိုဘိုကြီးကို ထမ်းထုတ်လာတာ တွေ့ရသည်။

ပြီးတော့ အင်းခွေးကြီး၏ အသံကျယ်ကြီးနှင့် ဟိန်းဟောက် မာန်ဖီသံကိုလည်း ကြက်သီးထဖွယ် ကြားသည်။

"ဝေါင်း.. ဝေါင်း"

"ဟိတ်ကောင်ကြီး ငြိမ်ငြိမ်နေစမ်း"

ဒေါသထွက်နေသည့် သူဌေး၏အသံကြီးကို ကြားရပေမဲ့ ကုန်းပတ်ပေါ်ကိုတော့ တက်မလာသေးပါ။

သူအပါအဝင် ကုန်းပတ်ပေါ်တွင် စောင့်နေသူများက ကိုဘိုကြီးကို ဆီးကြို၍ လက်တွဲယူကြသည်။ ကိုဘိုကြီးသည် ပျော့ခွေ ငြိမ်သက်နေပြီ ဖြစ်သည်။

လည်မျိုတွင် ကြီးမားသည့် ကိုက်ခံရာကြီးတစ်ခု ရှိနေပြီး ထိုဒဏ်ရာမှ သွေးများ ဒလဟော စီးကျနေသည်။

ခွေးကြီးက နေရာကောင်းကို ခဲခါလိုက်သည့်အတွက် ကိုဘိုကြီး တစ်ချက်ပဲ အော်လိုက်နိုင်တာ ဖြစ်မည်ထင်သည်။

ကိုဘိုကြီးသည် သူ့ကို ပညာအပြဆုံးလူ ဖြစ်သည်။

အသက်သုံးဆယ့်ငါးနှစ် ဝန်းကျင်လောက် ရှိပြီး အရပ်မြင့်မြင့် အသားက ကြေးနီရောင် သန်းနေပြီး နှုတ်ခမ်းမွေးကိုပါ ထားသေးသည့်အတွက် ကြေးစားလူမိုက်ရုပ် ပေါက်နေသည်။

သူ့ကို ဘွဲ့ရပညာတတ်ဆိုပြီး ကိုဘိုကြီးက မျက်မုန်းကျိုးနေပုံ ရသည်။

အရင်တုန်းက ကိုဘိုကြီးကို ခပ်ချဉ်ချဉ်ရှိပေမဲ့ အခုလို မြင်ရတော့လည်း

သူက သနားသွားပြီး ပြေးပွေ့မိသည်။

"ဘာဖြစ်သွားလဲ"

"ဘိုကြီး... ဘိုကြီး"

ဦးလေးမောင်က ခပ်သာသာ ခေါ်ကြည့်နေသည်။

တုံ့ပြန်သံကိုတော့ မကြားရ။ အသက်မှ ရှိသေးရဲ့လားဟု အထိတ်တလန့် တွေးရင်း ကိုဘိုကြီး၏ နှာခေါင်းဝတွင် လက်ကို အသာလေး ထားကြည့် လိုက်တော့ ထွက်သက်ဝင်သက် ပျော့ပျော့လေးကို ခံစားလို့ရသည်။

"မသေသေးဘူး ... မသေသေးဘူး၊ ဆေးရုံပို့ရအောင်"

ရေပတ်လည်ဝိုင်းနေရာတွင် သူပြောလိုက်သည့် စကားသည် ဟာသဖြစ် နေမှာ သေချာသည်။

"ဟော့ကောင်. . . အရူးလားကွ၊ ဒီနေရာမှာ ဘယ်ဆေးရုံကို ပို့ရမလဲ၊ သွား. . . ဆေးသေတ္တာကို တစ်ယောက် သွားယူလာခဲ့၊ ရှိသမျှဆေးနဲ့ တတ် သလောက် မှတ်သလောက်ပဲ လုပ်ပေးနိုင်မယ် အလကား သူခိုးဖြစ်တာ တောင် နည်းသေးတယ် တောက်"

မာလိန်မှူးက အကြင်နာကင်းမဲ့သည့် စကားကို ဒေါသတကြီးပြောသည်။

သူဌေးကတော့ ခက်ထန်သည့် မျက်နှာနှင့် သွေးပေနေသည့် အင်းခွေးကြီး ကို ဆွဲခေါ်ပြီး ထွက်သွားသည်။

ကိုဘိုကြီး သေတော့မှာပဲဟု စိတ်ဆင်းရဲစွာတွေးနေဆဲ လျှပ်ပြက်တာတွေ က စိပ်လာပြီး ကျယ်လောင်သည့် မိုးချိန်းသံတွေကိုပါ ကြားရသည်။

သူတို့အားလုံးကတော့ ရာသီဥတုကို ဂရုမစိုက်နိုင်ကြပါ။

ဆေးသေတ္တာဆိုတာ ရောက်လာတော့ အထဲမှာ ပါရာစီတမောလ် လောက်၊ ဘာမီတွန်လောက်၊ မက်ထရိုလောက်သာရှိပြီး အနာကို လုပ်ပေးဖို့

အတွက်က ပတ်တီးတစ်လိပ်၊ ဂွမ်းတချို့နှင့် အရက်ပြန်တစ်ပုလင်းပဲ ရှိသည်။

ကိုဘိုကြီးကတော့ ကုန်းပတ်ပေါ်မှာ ပက်လက်ကလေး။

ကိုပီယက အနာကြီးပေါ်သို့ အရက်ပြန်တွေ လောင်းချသည်။ ကိုဘိုကြီးကတော့ မလှုပ်ပါ။ ထိုအချိန်တွင် မိုးစက်မိုးပေါက်ကြီးတွေ ကျလာသည့်အတွက် ပျော့ခွေနေသည့် ကိုဘိုကြီးကို ထမင်းစားသည့် အခန်းထဲ ရောက်အောင် ထည့်သွင်းကြရပြန်သည်။

တတ်သလောက် မှတ်သလောက်များနှင့် ဝိုင်းဝန်းလုပ်ကိုင်ပေးနေဆဲ ကိုဘိုကြီးက ရုတ်တရက် သတိပြန်လည်လာသည်။

ပြီးတော့..

အနီးဆုံးနေရာတွင် ရှိနေသည့်သူကို ဖမ်းဆွဲကာ ...

"အခေါင်းကြီး အဖြူရောင်အခေါင်းကြီး" ကို လေသံလေးနှင့် ပြောပြီး ဇက်ကျိုးသွား တော့သည်။

ကိုဘိုကြီး သေဆုံးသွားလေပြီတည်း။

***